**ဒေါ်ခင်ကြည် – ဖောင်ဒေးရှင်း**
အမှတ် (၅၄/၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

၂၅ ရက် အောက်တိုဘာလ ၂၀၁၆ ခုနှစ်

ဒေါ်အောင်ဆန်းစုကြည်
ဉက္ကဋ္ဌ
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

**အကြောင်းအရာ -၂၀၁၆ ခုနှစ် စက်တင်ဘာလအတွက် ရွေ့လျားစာကြည့်တိုက် တိုးတက်မှုအစီရင်ခံစာ**

၂၀၁၆ ခုနှစ် စက်တင်ဘာလအတွက် **ကော့မှူး၊ နေပြည်တော်၊ ကလော၊ နတ်မောက်၊ မြောင်းမြနှင့် အင်းစိန်**တို့တွင် ကျွန်ုပ်တို့၏ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု တိုးတက်မှုအစီရင်ခံစာကို တင်ပြရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဂမ်းမြောက်ပါသည်။

## I. ကော့မှူး ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

### I.A အသင်းဝင်

စက်တင်ဘာလကုန်အထိ အသင်းဝင် (၁၈,၆၃၁) ဦးဖြစ်ပါသည်။

အသင်းဝင်နှုန်းထားသည် ၂၀၁၆ ခုနှစ် ဩဂုတ်လမှ နှုန်းထားနှင့် အတူတူဖြစ်သည်။

### I.B စာအုပ်ငှားရမ်းမှု

လက်ရှိတွင် ကော့မှူး၌ စာအုပ်စုစုပေါင်း (၂၆,၃၀၅) အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ၂၀၁၆ စက်တင်ဘာလအတွင်း စာအုပ်ငှားရမ်းမှုမှာ (၆,၈၅၆) ကြိမ် ဖြစ်ပါသည်။

ထို့ကြောင့် ကော့မှူးတွင် ၂၀၁၆ ဩဂုတ်လနှင့်စာလျှင် စာအုပ်ငှားရမ်းမှု ၁၉% တိုးတက်မှုရှိသည်။
ကော့မှူးတွင် လုပ်ငန်းစတင်လည်ပတ်သော ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ (၃ နှစ်ကျော်အတွင်း) စာအုပ်ငှားရမ်းမှု စုစုပေါင်း (၃၁၉,၈၀၀) ကြိမ် အထိ ရှိခဲ့ပါသည်။

တစ်လလျှင် စာအုပ်ငှားရမ်းလည်ပတ်မှု ပျမ်းမျှအရေအတွက်မှာ (၈,၆၄၃) ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၂) ကြိမ် ပျမ်းမျှခြင်းအားဖြင့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အောက်ပါဇယားသည် ကော့မှူးရွှေ့လျားစာကြည့်တိုက်၏ လောလောဆယ် လှည့်လည်ရောက်ရှိနေသည့် ကျေးရွာအရေအတွက် ဖြစ်ပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကော့မှူး | |
|---|---|
| MBL - ဘတ်စ် ၁ | ရွာ ၂၀ |
| MBL -ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှား ဌာနခွဲ | ၁၆ ရွာ |
| ကျေးရွာစုစုပေါင်း | ရွာ ၅၀ |

## II. နေပြည်တော်ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

နေပြည်တော်လုပ်ငန်းလည်ပတ်မှုသည် ၂၀၁၆ စက်တင်ဘာတွင်လည်း ကောင်းမွန်လျက်ရှိပါသည်။ ထပ်ဆင့်ငှားဌာနခွဲများအပါအဝင် ကျေးရွာ ၆၁ ရွာသို့ လှည့်လည်ရောက်ရှိနေပါသည်။

### II.A အသင်းဝင်

နေပြည်တော်တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်အထိ (၁၃,၀၈၂) ဦး အသင်းဝင်ရှိပါသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လနှင့်စာလျှင် အဖွဲ့ဝင်အရေအတွက် ၂% တိုးတက်မှုရှိပါသည်။

### II.B စာအုပ်ငှားရမ်းမှု

နေပြည်တော်ရုံးတွင် စာအုပ် (၁၇,၆၅၃) အုပ်ကို ငှားရမ်းလည်ပတ်လျက်ရှိပါသည်။ စက်တင်ဘာလအတွက် ငှားရမ်းမှုအကြိမ်မှာ (၃,၆၉၁) ဖြစ်သည်။ ထို့ကြောင့် ၂၀၁၆ ဩဂုတ်နှင့်စာပါက ငှားရမ်းမှု ၄% တိုးတက်မှုရှိပါသည်။ ၃၁ လအတွင်း စာအုပ်ငှားရမ်းမှုအကြိမ် စုစုပေါင်း (၂၈၀,၆၅၀) ရှိပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ ငှားရမ်းမှုအရေအတွက်မှာ (၉,၀၅၃) ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁၅ ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

နေပြည်တော် ရွှေ့လျားစာကြည့်တိုက်မှ ယခုလက်ရှိ ဝန်ဆောင်မှုပေးလျက်ရှိသည့် ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နေပြည်တော် | |
|---|---|
| နေပြည်တော် | ၂၅ ရွာ |
| ပျဉ်းမနား | ၂၀ ရွာ |
| ထပ်ဆင့်ငှား ဌာနခွဲ | ၁၆ ရွာ |
| ကျေးရွာစုစုပေါင်း | ၆၁ ရွာ |

## III. ကလေးရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

စာအုပ် (၁၀,၁၄၄) အုပ် ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စာကြည့်တိုက်များ၊ ရပ်ရွာထဲရှိ အများပြည်သူ စုဝေးရာနေရာများ၊ ဘက်များနှင့် ရုံးများအပါအဝင် နေရာ ၅၀ သို့ လှည့်လည်ရောက်ရှိနေပါသည်။ ရွေ့လျားစာကြည့်တိုက် ဘတ်စ်ကားများသည် ညောင်ရွှေနှင့် ပင်လောင်း မြို့နယ်များသို့လည်း ရောက်ပါသည်။ အသင်းဝင်ဦးရေမှာ (၉,၀၂၁) ဦးဖြစ်ပြီး ၂၀၁၆ ဇူလိုင်လနှင့် နှိုင်းယှဉ်လျှင် ၁ ရာခိုင်နှုန်း တိုးတက်လာပါသည်။

## စာအုပ်ငှားရမ်းမှု

ကလော - (၅,၂၄၅) ကြိမ်

၂၀၁၆ ခုနှစ် ဩဂုတ်လနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် စာအုပ်ငှားရမ်းမှုမှာ ၃၇% လျော့ကျသွားပါသည်။ ၂၀၁၅ ဖေဖော်ဝါရီမှ ၂၀၁၆ စက်တင်ဘာအထိ (လ ၂၀ အတွင်း) စုစုပေါင်းစာအုပ် (၇၄,၀၉၇) ကိုငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု ကြိမ်ရေမှာ ၃,၇၀၄ ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၆.၁၅ ကြိမ် ငှားရမ်းမှုရှိပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကလော | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၈ ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှား ဌာနခွဲ | ၁၈ ရွာ |
| ရွာ စုစုပေါင်း | ရွာ ၅၀ |

## IV. နတ်မောက်ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

၂၀၁၆ စက်တင်ဘာလတွင် နတ်မောက်၌ လုပ်ငန်းလည်ပတ်မှု ကောင်းမွန်နေပါသည်။ လက်ရှိတွင် နတ်မောက်၌ စာအုပ်စုစုပေါင်း (၈,၃၆၁) ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ၂၀၁၆ ဩဂုတ်နှင့်နှိုင်းစာပါက အဖွဲ့ဝင်ဦးရေ ၃% တိုးလာပါသည်။

### IV.A အသင်းဝင်

နတ်မောက် - (၈,၅၀၁) ယောက်

### IV.B စာအုပ်ငှားရမ်းမှု

နတ်မောက် - ၂,၉၃၃ ကြိမ်

၂၀၁၆ ဩဂုတ်လနှင့်နှိုင်းစာလျှင် စာအုပ်ငှားရမ်းမှု ၀.၄% တိုးလာပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် လုပ်ငန်းစတင်ချိန်မှ စကာ (၁၃ လအတွင်း) စုစုပေါင်းစာအုပ် (၅၁,၁၂၉) ကို ပြည်သူလူထုက ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေမှာ (၃,၉၃၃) ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၅.၇၅ ကြိမ် ငှားရမ်းရပါသည်။
နတ်မောက်မှ လက်ရှိစာအုပ် ငှားရမ်းလည်ပတ်မှု ဆောင်ရွက်နေသော ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နတ်မောက် | |
|---|---|
| MBL - ဘတ်စ် | ၂၅ ရွာ |
| ထပ်ဆင့်ငှား ဌာနခွဲ | ၅ ရွာ |
| ကျေးရွာစုစုပေါင်း | ရွာ ၃၀ |
| | |

## V. မြောင်းမြရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင် မြောင်းမြ၌ စုစုပေါင်းစာအုပ် ၅,၁၃၃ ကိုစာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### V.A အသင်းဝင်

မြောင်းမြ - (၃,၇၄၂) ဦး

၂၀၁၆ ခုနှစ် ဩဂုတ်လနှင့်စာလျှင် အဖွဲ့ဝင် ၈% တိုးလာပါသည်။ ကျွန်ုပ်တို့သည် မြောင်းမြတွင် ရပ်ရွာ၏ ထောက်ပံ့ကူညီမှု အပြည့်အဝ ရရှိပါသည်။

### V.B စာအုပ်ငှားရမ်းမှု

မြောင်းမြ - (၄,၁၅၈) ကြိမ်

၂၀၁၆ ဩဂုတ်လနှင့်နှိုင်းစာပါက စာအုပ်ငှားရမ်းမှု ၂၃% တိုးတက်မှုရှိပါသည်။ လုပ်ငန်းစတင်သော ဖေဖော်ဝါရီ ၂၀၁၆ မှစပြီး (၉ လ အတွင်း) စုစုပေါင်းစာအုပ် (၂၃,၇၇၆) ကိုလူထုက ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုကြိမ်ရေ (၂,၆၄၂) ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၃.၃၃ ကြိမ် ငှားရမ်းမှုရှိပါသည်။

| *လက်ရှိကျေးရွာများ* MBL - မြောင်းမြ | |
|---|---|
| MBL - ဘတ်စ် | ၂၁ ရွာ |
| ထပ်ဆင့်ငှား ဌာနခွဲ | ၁၀ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၁ ရွာ |

၂၀၁၆ စက်တင်ဘာလကုန်မှစပြီး လက်ရှိအဖွဲ့ဝင်ဦးရေ၊ ငှားရမ်းလည်ပတ်မှု နှုန်းထားတို့ကိုပြသည့် အောက်ပါဇယားကွက်ကို ကျေးဇူးပြုပြီး ကြည့်ပါ။

## VI. အင်းစိန်ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင် အင်းစိန်၌စာအုပ် (၇,၀၃၄) အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

## VI.A အသင်းဝင်

အင်းစိန် - (၅,၃၄၂) ဦး

၂၀၁၆ ဩဂုတ်နှင့်စာလျှင် အဖွဲ့ဝင် ၅၇.၆% တိုးလာပါသည်။

## VI.B စာအုပ်ငှားရမ်းမှု

အင်းစိန် - (၈,၉၉၉) ဦး

၂၀၁၆ ဩဂုတ်နှင့်နှိုင်းစာပါက စာအုပ်ငှားရမ်းမှုကြိမ်ရေ ၄၂.၃% တိုးလာပါသည်။

| *လက်ရှိကျေးရွာများ*MBL - အင်းစိန် | |
|---|---|
| MBL - ဘတ်စ် | ၂၅ ရွာ |
| ထပ်ဆင့်ငှား ဌာနခွဲ | ၁၀ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၅ ရွာ |




MBL - ပြီးခဲ့သောတစ်နှစ်အတွက် ဌာနအသီးသီး၌ လစဉ်
စာအုပ်ငှားရမ်းမှု ကြိမ်ရေ
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
25,000
20,000
15,000
10,000
5,000
-
Jan'15
Feb'15
Mar '15
Apr' 15
May' 15
June' 15
July' 15
Aug' 15
Sep' 15
Oct' 15
Nov' 15
Dec' 15
Jan' 16
Feb' 16
Mar' 16
April' 16
May' 16
June' 16
July' 16
Aug' 16
Sep' 16







## VI. အခြားလုပ်ငန်းများ

### VIa. ကွန်ပျူတာသင်တန်းများ

အောက်ပါဇယားသည် အခြေခံအိုင်စီတီသင်တန်းကို လက်ရှိတက်ရောက်နေသည့် သင်တန်းသားအရေအတွက်နှင့် သင်တန်းပြီးသွားသော သင်တန်းသားအရေအတွက်တို့ကို ဖော်ပြပါသည်။

## ရွှေ့လျားစာကြည့်တိုက်များရှိ ကွန်ပျူတာသင်တန်းများ

| စဉ် | စာကြည့်တိုက် နာမည် | လက်ရှိအမှတ်စဉ် | စာရင်းသွင်းသင်တန်းသား အရေအတွက် | ပြီးခဲ့သောသင်တန်း အမှတ်စဉ်များ | သင်တန်းတက် ရောက်သူ အရေအတွက် | သင်တန်း ပြီးမြောက်သူ အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကော့မှူး | အမှတ်စဉ် - ၁၅ | ၉၁၈ | အမှတ်စဉ် - ၁၄ | ၉၁၈ | ၆၅၅ | သင်တန်း အမှတ်စဉ် ၁၆ တက်ရောက် ဆဲ |
| ၂ | နေပြည် တော် | အမှတ်စဉ် - ၃ | ၆၅ | အမှတ်စဉ် - ၃ | ၆၅ | ၃၄ | |
| ၃ | ကလော | အမှတ်စဉ် - ၅ | ၁၅၀ | အမှတ်စဉ် - ၄ | ၁၅၀ | ၁၃၉ | |
| ၄ | နတ် မောက် | အမှတ်စဉ် - ၆ | ၁၀၄ | အမှတ်စဉ် - ၅ | ၁၀၄ | ၉၆ | |
| ၅ | မြောင်းမြ | အမှတ်စဉ် - ၃ | ၁၁၄ | အမှတ်စဉ် - ၂ | ၁၁၄ | ၆၁ | သင်တန်း အမှတ်စဉ် ၃ တက်ရောက် ဆဲ |
| ၆ | အင်းစိန် | အမှတ်စဉ် - ၁ | ၂၀ | အမှတ်စဉ် - ၁ | ၂၀ | | |
| | | | ၁၃၇၁ | | ၁၃၇၁ | ၉၈၅ | |

**VI b. အင်းစိန်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

အသစ်ပြင်ဆင်ပြီးစီးသွားသော အင်းစိန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် ကွန်ပျူတာအခြေခံသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာဖတ်ဝိုင်းများအား အင်းစိန်မြို့နယ်တွင်းရှိ လူထုအကျိုးပြု အဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လုပ်အားပေးအဖွဲ့များဖြင့်၊ ပူးပေါင်း၍ ရပ်ရွာအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်လျှက်ရှိပါသည်။

နိဂုံးချုပ်ရပါက ရွှေ့လျားစာကြည့်တိုက် စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်ရာနေရာအားလုံးရှိ ယင်း၏အမျိုးမျိုးသော ပြုဖွယ်ဆောင်တာများကို ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေပါသည်။

လေးစားစွာဖြင့်

ဒေါက်တာသန့်သော်ကောင်း

အမှုဆောင်ကော်မတီအဖွဲ့ဝင်

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း